# CHIN NATIONAL FRONT

**General Headquarters**

**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com


## KNU/KNLA (PC) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်ခြင်း ဝမ်းနည်းသဝဏ်လွှာ

၂၀၂၀ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ကရင်ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစု၊ ၎င်းဦးဆောင်နေသော မိခင် အဖွဲ့အစည်းအပါအဝင် ကရင်ပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ကရင်အမျိုးသားများ၏ အမျိုးသားရပိုင်ခွင့် အခွင့်အရေးများ ပြန်လည်ရရှိရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် ကရင့်အမျိုးသားခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်သွားခြင်းသည် ကရင်လူမျိုးနှင့် KNU/KNLA(PC) သာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် မဟာ ဆုံးရှုံးမှုကြီးပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး၏ ခိုင်မာသည့် အမျိုးသား နိုင်ငံရေး ခံယူချက် ၊ ရပ်တည်ချက် နှင့် အမျိုးသားရေး စိတ်စေတနာထားရှိမှု၊ အခက်အခဲ စိန်ခေါ်မှုများစွာကြားမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပေးဆပ်ခဲ့မှုအပေါ် ချင်းအမျိုးသားတပ်ဦးက ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ဝမ်းနည်းသဝဏ်လွှာ ပေးပို့လိုက်ရသည်။

ကရင်ငြိမ်းချမ်းရေကောင်စီ ခေါင်းဆောင်ကြီး ကောင်းရာသုဂတိသို့ လားပါစေ။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

၂၀၂၀ ခုနှစ်၊ မေလ (၅) ရက်